
# ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၂၇/၂၀၂၄ )

## (၃.၇.၂၀၂၄ မှ ၉.၇.၂၀၂၄ ထိ )


၁။ **ပြည်တွင်း ၊ ပြည်ပစပါးစိုက်ပျိုးထွက်ရှိမှုအခြေအနေ။** ၂၀၂၃-၂၀၂၄ ခုနှစ်၊ နွေစပါးစိုက်ဧက (၂.၇၄၅) သန်းအပေါ် (၃၀-၆-၂၀၂၄) ရက်နေ့ထိ ရိတ်သိမ်းဧက (၂.၄၅၅) သန်း ၊ ပျှမ်းမျှအထွက်နှုန်း (၁၀၅.၄၁) တင်းဖြင့် အထွက်တင်း(၂၅၈.၇၉၃) သန်းထွက်ရှိနေပြီဖြစ်ပါသည်။၂၀၂၄-၂၀၂၅ခုနှစ်၊ မိုးစပါးစိုက်ပျိုးရန်လျာထားဧက(၁၅.၀၀၅) သန်းအပေါ် (၃၀.၆.၂၀၂၄) ရက်နေ့ထိ စိုက်ပျိုးပြီးဧက(၃.၉၁၄) သန်း၊(၂၆.၀၉%) စိုက်ပျိုးဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ ဇွန်လထုတ်ပြန်သည့် USDA ၏ စာရင်းများအရ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးမှု ၁၆၇.၅၆ ဟက်တာ သန်း**(ဧက၄၁၃.၈၇၃သန်း)**၊ အထွက်နှုန်းတစ်ဟက်တာ ၄.၇၀ မက်တန် **(၂၂၅.၁၇၇ တင်း)**၊ စုစုပေါင်းအထွက်မက်တန် ၅၂၇.၆၃ သန်း **(စပါးတင်း ၂၅၂၇၈.၇၅၃သန်း)** ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင် (၄၆) ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁) အိတ် ဈေးနှုန်းများဖြစ်ပေါ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်း/ ပြည်နယ် | မြို့နယ် | စပါးအမျိုးအစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုးအစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုး) | ၁၆၃၉၀၀၀ | ▬ ၁၆၃၉၀၀၀ | ဧည့်မထ(မိုး) | ၇၆၀၀၀ | ↓ ၆၈၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၆၈၀၀၀၀ | ↓ ၁၆၃၉၀၀၀ | ဧည့်မထ(နွေသစ်) | ၇၅၀၀၀ | ↓ ၆၈၀၀၀ |
| | | | | | | | | |
| (ခ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုး) | ၂၁၁၆၀၀၀ | ↓ ၂၀၈၀၀၀၀ | ဧည့်မထ(မိုး) | ၇၇၀၀၀ | ▬ ၇၇၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၇၄၈၀၀၀ | ▬ ၁၇၄၈၀၀၀ | ဧည့်မထ(နွေသစ်) | ၇၂၀၀၀ | ▬ ၇၂၀၀၀ |
| | | | | | | | | |
| (ဂ) | **ပဲခူးတိုင်း** | ပဲခူး | ဧည့်မထ(မိုး) | ၁၈၅၀၀၀၀ | ▬ ၁၈၅၀၀၀၀ | ဧည့်မထ(မိုး) | ၇၂၀၀၀ | ▬ ၇၂၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၇၀၂၀၀၀ | ▬ ၁၇၀၂၀၀၀ | ဧည့်မထ(နွေသစ်) | ၇၀၀၀၀ | ▬ ၇၀၀၀၀ |
| | | ပြည် | ဧည့်မထ(မိုး) | ၁၈၈၅၀၀၀ | ▬ ၁၈၈၅၀၀၀ | ဧည့်မထ(မိုး) | ၇၂၀၀၀ | ▬ ၇၂၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၄၇၂၀၀၀ | ▬ ၁၄၇၂၀၀၀ | ဧည့်မထ(နွေသစ်) | ၇၀၀၀၀ | ▬ ၇၀၀၀၀ |
| | | | | | | | | |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | ၂၄၀၀၀၀၀ | ▬ ၂၄၀၀၀၀၀ | ဧည့်မထ(မိုး) | ၈၄၀၀၀ | ▬ ၈၄၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | ၂၂၆၀၀၀၀ | ▬ ၂၂၆၀၀၀၀ | ဧည့်မထ(မိုး) | ၈၆၅၀၀ | ▬ ၈၆၅၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၄၅၀၀၀၀ | ↓ ၁၄၂၀၀၀၀ | ဧည့်မထ(နွေသစ်) | ၆၈၀၀၀ | ▬ ၆၈၀၀၀ |
| | | | | | | | | |
| (င) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ရေမင်း(မိုး) | | | ရေမင်း(မိုး) | ၁၀၅၀၀၀ | ↑ ၁၂၅၀၀၀ |
| | | | | | | | | |
| (စ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ရွှေဝါထွန်း(မိုး) | | | ရွှေဝါထွန်း(မိုး) | | |
| | | | | | | | | |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဇီယာ(မိုး) | ၂၁၀၀၀၀၀ | ↑ ၂၁၅၀၀၀၀ | ဇီယာ(မိုး) | ၇၁၀၀၀ | ▬ ၇၁၀၀၀ |
| | | | | | | | | |




စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု



ဧည့်မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု

၃။ **ပြည်တွင်း/ပြည်ပဆန်ဈေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၁၇.၆.၂၄ | ၂၄.၆.၂၄ | ၁.၇.၂၄ | ၈.၇.၂၄ |
| (က) | ထိုင်း | White Rice ၁၀၀% | ၆၆၀ | ၆၄၆ | ၆၁၇ | ၆၁၇ |
| | | White Rice ၅% | ၆၄၅ | ၆၃၂ | ၆၀၃ | ၆၀၃ |
| | | White Rice ၂၅% | ၆၀၅ | ၅၉၅ | ၅၇၂ | ၅၇၂ |
| | | Parboiled Rice ၁၀၀% | ၆၃၄ | ၆၂၁ | ၆၀၆ | ၆၀၆ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၅၇၇ | ၅၇၃ | ၅၇၁ | ၅၇၁ |
| | | White Rice ၂၅% | ၅၅၆ | ၅၅၁ | ၅၄၇ | ၅၄၇ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၅၈၆ | ၅၈၈ | ၅၈၇ | ၅၈၇ |
| | | White Rice ၂၅% | ၅၅၀ | ၅၄၆ | ၅၄၁ | ၅၄၁ |
| (ဃ) | မြန်မာ | White Rice ၅% | ၅၅၅-၅၆၀ | ၅၅၅-၅၆၀ | ၅၅၅-၅၆၀ | ⬇ ၅၅၀-၅၅၅ |
| | | White Rice ၁၀% | ၅၅၀-၅၅၅ | ၅၅၀-၅၅၅ | ၅၅၀-၅၅၅ | ⬇ ၅၄၅-၅၅၀ |
| | | White Rice ၁၅% | ၅၄၅-၅၅၀ | ၅၄၅-၅၅၀ | ၅၄၅-၅၅၀ | ⬇ ၅၄၀-၅၄၅ |
| | | White Rice ၂၅% | ၅၄၀-၅၄၅ | ၅၄၀-၅၄၅ | ၅၄၀-၅၄၅ | ⬇ ၅၃၅-၅၄၀ |
| | | Parboiled Rice ၅% | ၆၄၀-၆၄၅ | ၆၄၀-၆၄၅ | ၆၄၀-၆၄၅ | ⬇ ၆၃၅-၆၄၀ |
| | | Parboiled Rice ၁၀% | ၆၃၅-၆၄၅ | ၆၃၅-၆၄၅ | ၆၃၅-၆၄၅ | ⬇ ၆၃၀-၆၄၀ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၈-၇-၂၀၂၄နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၄.၀၈၈) သန်းဖြစ်ပါသည်။ USDA Foreign Agricultural Service (gov) (Grain World Market and Trade ) Website သတင်းအရ ၂၀၂၄ ခုနှစ်၊ ဇွန်လ ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၇၇.၉၈၄) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ၁-၄-၂၀၂၄ မှ ၂၈-၆-၂၀၂၄ နေ့ထိ ဆန်တန်ချိန် (၂၆၇၂၇၂) ၊ တန်ဘိုး(၁၅၃.၃၆၈) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၁၁၈၈၄၂)၊ တန်ဘိုး(၅၆.၅၆၉) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန် (၁၄၈၄၂၉)၊ တန်ဘိုး (၉၆.၇၉၉) USD သန်း ပိုမိုတင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန်တစ်တန်ပေါက်ဈေးမှာ FOB ၅၄၀ USD ဖြစ်ပြီး ပျှမ်းမျှ ငွေလဲနှုန်း ၃၁၁၇ ကျပ်ဖြင့် တွက်ချက်ပါက FOB အရင်းဈေးနှုန်းမှာ ၅၂၁ USD ဖြစ်သဖြင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုရှိကြောင်းသိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** ထိုင်းနိုင်ငံတွင် ဘတ်ငွေတန်ဖိုးကျဆင်းနေသည့်အပြင် ဆန်သစ်များလည်း ထွက်ရှိလာတော့မည်ဖြစ်သဖြင့် အရောင်းအဝယ်အေးနေပြီး ပို့ကုန်ဆန်ဈေးနှုန်းများဈေးငြိမ်နေပါသည်။ ဗီယက်နမ်နိုင်ငံတွင် ပုံမှန်ဝယ်ယူနေသည့် အာဖရိကနိုင်ငံမှ ဆန်ဝယ်လက်များသည် သယ်ယူပို့ဆောင်စရိတ်များ မြင့်တက်နေခြင်းကြောင့် ဆန်အဝယ်ရပ်နားထားဖြင့် အရောင်းအဝယ်အေးပြီး ပို့ကုန်ဆန်ဈေးနှုန်းများ ဈေးငြိမ်နေပါသည်။ ပြည်တွင်းဈေးကွက်၌ စားသုံးသူပြည်သူများသို့ သက်သာသောဈေးနှုန်းများဖြင့် ဆန်များရောင်းချပေးနေခြင်းကြောင့် မြို့နယ်အများစုတွင် ဆန်၊ စပါးဈေးနှုန်းများ ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ ရန်ကုန်(သန်လျင်)နှင့် မော်လမြိုင်တို့တွင် မိုးရွာသွန်းမှုများ၍ လမ်းပန်းဆက်သွယ်ရေးအခြေအနေများကြောင့် ဈေးကွက်ဝင်ရောက်မှုနည်းပြီး စပါး၊ ဆန်ဈေးနှုန်း တက်ခဲ့ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်းသိရှိရပါသည်။